# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၆ / ၂၀၀၆)

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၀၆ ခုနှစ်၊ မေလ ၃၀ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေတွင် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (၄) ၌ ပါရှိသော "တစ်လလျှင် ကျပ်လေးရာထက် မပိုသော" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) အလုပ်ရှင်သည် မိမိ၏အလုပ်ကို တစ်ဆက်တည်း ဆယ့်နှစ်လပြည့်အောင် လုပ်ခဲ့သည့် အလုပ်သမား အသီးသီးအား နောက်လာမည့် ဆယ့်နှစ်လအတွင်းတွင် သက်ဆိုင်ရာ ပျမ်းမျှအခကြေးငွေဖြင့်ဖြစ်စေ၊ ပျမ်းမျှလစာ ငွေဖြင့်ဖြစ်စေ လုပ်သက်ခွင့်ရက်ကို ဆယ်ရက် တစ်ဆက်တည်း ခွင့်ပြုရမည်။"

(ဂ) ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) ၌ ပါရှိသော "နှစ်ဆယ့်လေးရက်" ဆိုသည့် စကားရပ်ကို "ရက်နှစ်ဆယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေတွင် ပုဒ်မ ၁၂၊ ၁၄၊ ၁၅ နှင့် ၁၆ တို့၌ ပါရှိသော "အင်စပက်တော်" ဆိုသည့် စကားရပ်ကို "စစ်ဆေးရေးအရာရှိ" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေတွင် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၁) နှင့် (၂) တို့၌ ပါရှိသော "ငါးရာထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ" ဆိုသည့် စကားရပ်ကို "ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ကိုဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၅။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေပါ ဇယားတွင်-

(က) အမှတ်စဉ် (၅) ၌ ပါရှိသော "သတ္တုတွင်းအက်ဥပဒေ" ဆိုသည့် စကားရပ်ကို "မြန်မာ့သတ္တုတွင်းဥပဒေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) အမှတ်စဉ် (၈) ကို ပယ်ဖျက်ရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ